# မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အမှုဆောင်အရာရှိချုပ်ခန့်အပ်ကြောင်း အစုရှယ်ယာရှင်များအား အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက် (MCB ဘဏ်) သည် ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့အချိန်တွင် (၃၁) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ဘဏ်ခွဲပေါင်း (၅၂) ခုနှင့် ဝန်ထမ်းပေါင်း (၁,၀၀၀) ကျော်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော အရည်အချင်းပြည့်ဝသည့် ဘဏ်တစ်ခုဖြစ်ပါသည်။ MCB ဘဏ်သည် ချေးငွေများ၊ စာရင်းပိုထုတ်ချေးငွေများ၊ အရစ်ကျဝယ်ယူခြင်းဝန်ဆောင်မှုများ၊ ငွေလွှဲဝန်ဆောင်မှုများ၊ နိုင်ငံတကာကုန်သွယ်ရေး ဝန်ဆောင်မှုများ ကဲ့သို့သော ကျွန်ုပ်တို့၏ Customer လိုအပ်ချက်များနှင့် ကိုက်ညီသည့် ဝန်ဆောင်မှုများ၊ ထုတ်ကုန်များစွာဖြင့် ကော်ပိုရိတ်၊ SME နှင့် Retail ကဏ္ဍများတွင် တက်ကြွစွာလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ MCB ဘဏ်အနေဖြင့် ကဏ္ဍအသီးသီး၊ နေရာဒေသအသီးသီးမှ Customer များ၏ အပ်နှံငွေများ၊ ငွေသွင်းငွေထုတ်ငွေလွှဲခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် Savings ၊ Fixed Deposit၊ Call/Current ၊ Foreign Currency Account များ၊ Remittance နှင့် Payment Service များ အစရှိသည့် အပ်ငွေနှင့် ငွေသွင်းငွေထုတ်ငွေလွှဲခြင်းဆိုင်ရာ ဘဏ်လုပ်ငန်းထုတ်ကုန်များ၊ ဝန်ဆောင်မှုများစွာကို ပေးအပ်လျက်ရှိပါသည်။

၂။ MCB ဘဏ်အနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ၎င်း၏ဘဏ်လုပ်ငန်းဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုထုတ်ကုန်များကို ခိုင်မာအားကောင်းလာစေရန် ထူးခြားကောင်းမွန်သော ခြေလှမ်းများဖြင့် ခေတ်မီတိုးတက်၍ နည်းပညာအသုံးပြုသော ဘဏ်တစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဘဏ်၏ တိုးတက်မှုကို အရှိန်မြှင့်တင်လာနိုင်ရန်အတွက် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်ပြီး အတွေ့အကြုံ ပြည့်ဝသော အမှုဆောင်အရာရှိချုပ်ကို ခန့်အပ်ရန် မြန်မာနိုင်ငံသားများဘဏ်၏ ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံသားများဘဏ် (MCB) ၏ အမှုဆောင်အရာရှိချုပ်အဖြစ် Mr. Bhesh Raj Khatiwada အား ခန့်အပ်ခွင့်ပြုပါရန် တင်ပြလျှောက်ထားခဲ့မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့ ရက်စွဲပါ စာအမှတ် - မဗဘ / MP / FIR / ဘဏ်စိစစ် / ထွေ (၇၉၃ / ၂၀၂၃) ဖြင့် အတည်ပြုပေးခဲ့ပါသည်။

၄။ Mr. Bhesh Raj Khatiwada သည် နီပေါနိုင်ငံနှင့် မြန်မာနိုင်ငံရှိ ဘဏ်အသီးသီးတွင် Senior Management Position (C – Level) ဖြင့် (၁၃) နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပြီး Commercial

Banking တွင် နှစ်ပေါင်း (၃၀) ကျော် အတွေ့အကြုံရှိသူတစ်ဦး ဖြစ်ပါသည်။ ၎င်းအနေဖြင့် Credit Management ၊ Deposit Mobilization ၊ Risk Assets and Liability portfolio management ၊ Deposit/Credit Product Development ၊ Marketing and Clientele Relationship Management ၊ General Banking Operations (Trade finance operations ၊ Credit Operations ၊ Customer Service ၊ Cash Management ၊ Bills & Remittance, Treasury Operations)၊ Integrated Risk Management Functions ၊ Branding & Corporate Communications ၊ HR Management နှင့် ဘဏ်လုပ်ငန်း/အဖွဲ့အစည်းဆိုင်ရာ အလုံးစုံ စီမံခန့်ခွဲမှုတို့အပါအဝင် ဘဏ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုကို အဓိကထားဆောင်ရွက်ခဲ့ပါသည်။ Mr. Khatiwada သည် နီပေါနိုင်ငံရှိ Tribhuwan University မှ MBA ဘွဲ့ရရှိခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့မှစတင်၍ MCB ဘဏ်၌ Chief Operating Officer အဖြစ် ခန့်အပ်ခြင်းခံရသူတစ်ဦးလည်း ဖြစ်ပါသည်။ MCB ဘဏ်တွင် တာဝန်မထမ်းဆောင်မီ နီပေါနိုင်ငံရှိ ထိပ်တန်းဘဏ်များတွင်လည်း Assistant Chief Executive Officer ၊ Chief Operating Officer ၊ Chief Risk Officer နှင့် Chief Credit Officer တို့အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၅။ Mr. Bhesh Raj Khatiwada ၏ Senior Level ၌ တာဝန်ထမ်းဆောင်ခဲ့သည့် ဘဏ်လုပ်ငန်း အတွေ့အကြုံများ၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးအတွေ့အကြုံများ၊ အရည်အချင်းပြည့်ဝမှုများ၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်တို့သည် ကျွန်ုပ်တို့ MCB ဘဏ်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့် တိုးတက်မှု အလားအလာများကို ပြည့်မီ၍ ပိုမိုစနစ်ကျပြီး အောင်မြင်မှုဆွတ်ခူးနိုင်သော ဘဏ်တစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း ကျွန်ုပ်တို့၏အစုရှယ်ယာရှင်များကို အသိပေးအကြောင်းကြားအပ်ပါသည်။

**Myanmar Citizens Bank Limited**